ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ်၊ PPD-၀၁/၂၀၂၄ ( ၂၆၉ )
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ မေလ ( ၃ )ရက်

အကြောင်းအရာ။ မိုးစပါးသီးနှံစိုက်ပျိုးမှုတွင် အရေးကြီးသော ရွှေခရုကြိုတင် ကာကွယ်နိုင်ရန် သတိပေးချက်(Early Warning) ထုတ်ပြန်ခြင်း

၁။ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် မိုးစပါးသီးနှံစိုက်ခင်းများ၌ စပါးဖျက်ရွှေခရုများ အချိန်မရွေးကျရောက်လာနိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ မိမိတို့၏ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း စိုက်ပျိုးထားရှိသော မိုးစပါးသီးနှံစိုက်ခင်းများတွင် ရွှေခရုများကျရောက်နိုင်ပါသဖြင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းနိုင်သော နည်းလမ်းများအား အချိန်မီဆောင်ရွက်နိုင်ရန် ကြိုတင်သတိပေးချက် (Early Warning) ပေးပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်ဖြစ်ပေါ်မှုများရှိပါက သီးနှံကာကွယ်ရေးဌာနခွဲ (ရုံးချုပ်)သို့ ချက်ချင်းသတင်းပို့ရန် အကြောင်းကြားပါသည်။

(ဒေါ်ထင်း)
ညွှန်ကြားရေးမှူး

တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူး (.........................................)
စိုက်ပျိုးရေးဦးစီးဌာန

မိတ္တူကို
ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒု-ညွှန်ကြားရေးမှူးချုပ်(တိုင်းဒေသကြီး/ ပြည်နယ်၊ နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

## ရွှေခရုကြိုတင်ကာကွယ်နှိမ်နင်းနည်းလမ်းများ

**ကျရောက်သည့်အချိန်**

ပျိုးပင်ငယ်စဉ်တွင် ကျရောက်သည်။ ရွှေ့ပြောင်းစိုက်ပြီး (၁၀-၁၅) ရက် နှင့် တိုက်ရိုက်အစေ့ချ စိုက်ခင်းတွင် (၄-၃၀) ရက်အတွင်း ကျရောက်နိုင်ပါသည်။

**ဖျက်ဆီးပုံလက္ခဏာ**

သီးနှံစုံစား သတ္တဝါဖြစ်ပြီး အပင်များပျောက်နေခြင်း (သို့) ပျိုးပင်ငယ်များကို ကိုက်ဖြတ်စားသောက်ထားသော အစိတ်အပိုင်းများ ရေပေါ်တွင် တွေ့မြင်နိုင်ပြီး ဥများအား အရွက်ပေါ်တွင် အစုလိုက်အပြုံလိုက်တွေ့မြင်ရသည်။

## ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများ

(၁) ရွှေခရုကျရောက်လေ့ ရှိသောနေရာများတွင် ကုန်းမြင့်ပိုင်းများ၌ ဘောင်ပျိုးထောင်ပြီး ပျိုးသက် (၃၅-၄၀) ရက်သားရှိမှ ရွှေ့ပြောင်းစိုက်ပျိုးပါ။

(၂) လူအင်အားဖြင့် ဖမ်းဆီးကောက်ယူဖယ်ရှားပါ။ (ဥမြုံ၊ အကောင်ငယ်၊ အကောင်ကြီး များကို ဖမ်းယူဖျက်ဆီးခြင်းသည် ၈၀% အောင်မြင်စေပါသည်။)

(၃) ရွှေခရုလှုပ်ရှားမှုနည်းစေရန် စပါးပင်သက်တမ်း အစောပိုင်းကာလများတွင် ရေစပ်စပ် (လက်မဝက်ခန့်) ထားရှိပါ။

(၄) ရွှေခရုသည် ရေပေါ်ပိုင်းရှိ သဘာဝပေါက်ပင် ပင်စည်များတွင် ဥအုလေ့ရှိသဖြင့် ရေအိုင်စပ်၊ ကန်သင်းအနီး လယ်ကွက်ထောင့်တို့တွင် ဝါးခြမ်း၊ သစ်ကိုင်းငယ်များ နေရာအနှံ့ စိုက်ထားပြီး ဥအုချထားသော ပန်းရောင် ရွှေခရုအတွဲများကို အလွယ်တကူရှာဖွေ ဖျက်ဆီးပါ။

(၅) ပိုတက်ရှ်မြေသြဇာ တစ်ကေလျှင် (၁/၄)အိတ်ထည့်သွင်းပါ။

(၆) တစ်ကေလျှင် ထုံး(၁၅၀) ပိဿာနှုန်းထည့်ပါ။ (ရေရှိလယ်ကွင်းတွင် ထည့်သွင်းရန် ဖြစ်သည်။ ထုံးကို ရေဖျော်ထည့်ပေးပါ။)

(၇) လယ်ကွက်တစ်နေရာတွင် သဘော်ရွက်၊ ဖရဲသီးအခွံ၊ ပိန္နဲခွံ၊ ကန်စွန်းရွက် စသည်များ ချထား ပြီး ခရုများလာရောက် စားသောက်ချိန်တွင် ကောက်ယူဖျက်ဆီးပါ။

(၈) ရေထုတ်ပေါက်များတွင် ဆန်ကာ (သို့) ယင်းလိပ်စိပ်စိပ် ကာရန်ထားခြင်းဖြင့် အခြားဒေသမှ ခရုများ လယ်ကွက်အတွင်း မဝင်နိုင်သည့်အပြင် ရေလျှော့ချချိန်တွင် ရေထုတ်ပေါက်၌ စုဝေးလာသော ခရုများအား ကောက်ယူဖျက်ဆီးပါ။

(၉) လယ်ကွက်ပတ်လည်တွင် ပတ်မြောင်းတူးထားပြီး ရေမြောင်းအတွင်း စုဝေးလာ သော ခရုများအား ကောက်ယူဖျက်ဆီးပါ။

(၁၀) ရေသွင်းရေထုတ်လွယ်သော ကွင်းတွင် ရတ်တရက် ချက်ခြင်းပြည့်အောင်သွင်းပြီး ရေပြည့်သည်နှင့် ချက်ချင်းပြန်ထုတ်ပါ။ ရေအနက် (၁-၃) စင်တီမီတာခန့်သာ ထိန်းထားပါ။

(၁၁) စိုက်ခင်းအတွင်းဘဲလွှတ်ကျောင်းပါ။

(၁၂) စိုက်ခင်းအတွင်း တီလားဘီးယားငါး မွေးမြူပါ။ (ခရုအကောင်ငယ်များအား စားသောက်ရန်)

**အသုံးပြုသင့်သော ခရုသတ်ဆေးများ**

- မက်တယ်ဒီဟိုက် (Metaldehyde)
- နီကလိုဆမိုက် (Niclosamide)
- ကာဘာရိုင်း (Carbaryl)
- ကာတက်ဟိုက်ဒရိုကလိုရိုက် (Cartap hydrochloride)

**( မှတ်ချက်။ ။ခရုသတ်ဆေးများအားသတ်မှတ်နှုန်းထားအတိုင်းအသုံးပြုပါ။ )**

အထက်ပါဘက်စုံကာကွယ်နှိမ်နင်း နည်းလမ်းများအပြင် လူအင်အားဖြင့် ဖမ်းဆီး ကောက်ယူ ဖယ် ရှား ခြင်းသည် တောင်သူများ တစ်ညီတညွတ်တည်း လုပ်ဆောင်ပါက အလွန် အကျိုးရှိသော နည်းလမ်း ဖြစ်ပါ သည်။ ရွှေခရုကာကွယ်နှိမ်နင်းသည့် လှုပ်ရှားမှုများကို နံနက်ခင်းနှင့် ညနေပိုင်း များတွင်ပြု လုပ်သင့်ပါ သည်။ ရွှေခရု ကာကွယ်နှိမ်နင်း ရေးသည် တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်ခြင်း ထက် စုပေါင်း ဆောင်ရွက်မှသာ ထိထိရောက်ရောက်ကာကွယ်နိုင်မည် ဖြစ်ပါသောကြောင့်  လူထု လှုပ်ရှားမှု အသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့်ပါသည်။